THE EDUCATION STATE

# ငွေကြေး အကူအညီ
## မိဘများအတွက် အချက်အလက်များ

**ဗစ်တိုးရီးယားပြည်နယ်ရှိ ကလေးတိုင်းသည် စာသင်ခန်း ပြင်ပရှိ ကမ္ဘာကြီးလောက် ကျယ်ပြန့်သည့် သင်ယူ လေ့လာရေး အခွင့်အလမ်းများကို ရယူသင့်သည်။ တဲစခန်းချ၊ အားကစားနှင့် လေ့လာရေးခရီးများ ရန်ပုံငွေ (Camps, Sports and Excursions Fund) သည် မည်သည့်ကျောင်းသူကျောင်းသားကိုမဆို အရေးကြီး သည့်ပညာရေးနှင့် ပျော်ရွှင်ဖွယ် လှုပ်ရှားဆောင်ရွက်မှုများ အတွက် မိမိတို့၏ အတန်းသူ အတန်းသားများနှင့် ပူးပေါင်းရာ၌ မကျန်ရစ်စေရန် သေချာစေပါလိမ့်မည်။ ၄င်းသည် ဗစ်တိုးရီးယားပြည်နယ်ကို ပညာရေးဆိုင်ရာ ပြည်နယ်ဖန်တီးပေးခြင်းနှင့် ကျောင်းသူ ကျောင်းသားများ၏ နောက်ခံနှင့် သူတို့၏ ရလဒ်အဖြေများအကြား အဆက်အစပ်ချိတ်ဆက်ကို ဖြိုခွင်းပေးမည့် အစိုးရ တာဝန်၏ အစိတ်အပိုင်းဖြစ်ပါသည်။**

### တဲစခန်းချ၊ အားကစားနှင့် လေ့လာရေးခရီးများ ရန်ပုံငွေ (CSEF)

ကျောင်း စခန်းချလေ့လာရေးတဲများသည် ကလေးများအား ကြီးကျယ်သည့် ပြင်ပတစ်ခွင်တွင် စိတ်တက်ကြွဖွယ် ကောင်းသည့် အတွေ့အကြုံများကို ပေးအပ်သည်၊ လေ့လာရေးများသည် ကမ္ဘာကြီး မည်သို့ရှိနေသည်ကို နက်နက်နဲနဲ နားလည်အောင် စွမ်းဆောင်ပေးပြီး အားကစားများသည် အသင်းလိုက်လုပ်ရပ်၊ စည်းကမ်းနှင့် ဦးဆောင်မှုတို့ကို သင်ကြားပေးသည်။ အားလုံးသည် ကျန်းမာသန်စွမ်းသည့် သင်ရိုးညွှန်းတစ်ခု၏ အစိတ်အပိုင်း ဖြစ်သည်။

CSEF ကို ရထိုက်သည့် မိသားစုများအား ကျောင်း ခရီးထွက်မှုများ၊ တဲစခန်းချလေ့လာရေးများနှင့် အားကစား လှုပ်ရှားဆောင်ရွက်မှုများ၏ ကုန်ကျစရိတ်ကို ကာမိစေရန် ကူညီသောအနေဖြင့် ဗစ်တိုးရီးယာ ပြည်နယ် အစိုးရက ပေးအပ်ပါလိမ့်မည်။

အကယ်၍ သင် တရားဝင် ရထိုက်ခွင့်စစ်ဆေးပြီးဖြစ်သည့် လျှော့ဈေးကတ်ပြားကို ကိုင်ဆောင်ထားလျှင် သို့မဟုတ် ယာယီ ထိန်းကျောင်းမိဘ တစ်ဦး ဖြစ်လျှင် သင့်အနေဖြင့် CSEF ရန်ပုံငွေကို ရထိုက်ကောင်း ရထိုက်နိုင်သည်။ ခိုလှုံဒုက္ခသည်နှင့် ဒုက္ခသည် မိသားစုများအတွက် အထူး စဉ်းစားပေးမည့် အမျိုးအစားလည်း တည်ရှိပါသည်။ ထောက်ပံ့ရန်ပုံငွေကို သင့်ကလေး၏ အကျိုးအတွက် တဲစခန်းချလေ့လာရေးများ၊ လေ့လာရေးခရီးများ သို့မဟုတ် အားကစား လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကို အကုန်ကျခံရန် ကျောင်းသို့ပေးသွင်းပါလိမ့်မည်။

ကျောင်းသူကျောင်းသား တစ်ဦးလျှင် နှစ်စဉ် CSEF ရန်ပုံငွေ ပမာဏမှာ -

- မူလတန်း ကျောင်းသူကျောင်းသားများ အတွက်  $125
- အထက်တန်း ကျောင်းသူကျောင်းသားများ အတွက်  $225

### မည်ကဲ့သို့ လျှောက်ထားရမည်

CSEF လျှောက်လွှာပုံစံတစ်ခုကို ရယူရန် ကျောင်း ရုံးခန်းကို ဆက်သွယ်ပါ သို့မဟုတ် www.education.vic.gov.au/csef တွင်ဒေါင်းလုဒ် လုပ်ယူပါ။

### အချက်အလက်ပိုများ

CSEF လျှောက်လွှာပိတ်ရက်များနှင့် ရန်ပုံငွေနှင့်ပတ်သက်၍ ပိုမိုသော အချက်အလက်များအတွက် ဝက်ဘ်ဆိုက် www.education.vic.gov.au/csef တွက်ကြည့်ရှုပါ။



VICTORIA State Government